# အသုံးပြုအညွှန်း

ဤ စာအုပ်တွင် အပင်တစ်ပင်စီအတွက်
မြန်မာအမည်
အခြားအမည် (များ)
အင်္ဂလိပ်အမည်
သိပ္ပံအမည်၊ မျိုးရင်း၊
လက်တင်အဓိပ္ပာယ်
သိမှတ်စရာ ဟူ၍ဖော်ပြထားပါသည်။ မျိုးကွဲဆိုလျှင်လည်း ထိုအစဉ်အတိုင်းပင်ဖြစ်သည်၊ သို့သော်ခေါင်းစဉ်မပေးတော့။ မြန်မာအမည်က မြန်မာတို့ခေါ်ကြသောအမည်ဖြစ်သည်၊ အခြားအမည်များလည်းရှိချင်ရှိမည်။ အင်္ဂလိပ်အမည်က ကမ္ဘာ့အရပ်ရပ်မှ ခေါ်ကြသော အရပ်အခေါ်များသာဖြစ်သည်၊ အရေးကြီးသည်ကသိပ္ပံအမည်သာဖြစ်သည်။ မည်သို့သောအပင်ဆိုသည်ကိုသိရှိရန်မှာ သိပ္ပံအမည်ကိုကြည့်ရန်သာဖြစ်သည်။

အလေးအနက်လေ့လာနေသူများအဖို့ ထိုအပင်သိပ္ပံအမည်၏အဓိပ္ပာယ်ကို သိရှိရန်လိုအပ်သဖြင့် လက်တင်အဓိပ္ပာယ်ကို မဖြစ်မနေ ထည့်ရပါသည်။ သို့မှသိပ္ပံအမည်ဖြစ်ပေါ်လာပုံအကြောင်းရင်းကိုသိမည်။ ပေးထားသောသိပ္ပံအမည်များမှာလည်း *The Int'l Plant Names Index (IPN) , The Int'l Code of Nomenclature (ICN), WCSP (World Checklist of Plant Families)* တို့မှသာမက *KEW , Missouri* စသော ရုက္ခဗေဒ ပညာရှင်အဖွဲ့အစည်းကြီးများကပါ လက်ခံထားသော နောက်ဆုံးရ အမည်များဖြစ်သည်။ မြန်မာနှင့် အင်္ဂလိပ်အရပ်ခေါ်အမည်တို့မှာ ကြုံသလိုခေါ်ကြသည်ဖြစ်၍ အဓိပ္ပာယ်ကိုသိရှိရန်ကြာရှည် သုတေသနပြုရန်လိုပါဦးမည်။ အခြားအရေးကြီးအပိုင်းမှာ သိမှတ်စရာဖြစ်သည်။ အပင်တစ်ပင်နှင့်ဆိုင်သောယှက်နွယ်နေသော သိရှိစရာနောက်ခံအကြောင်းတို့မှာအလွန်တန်ဖိုးရှိပါသည်။ ဤစာအုပ်တွင် စားပင်၊ ဆေးပင်၊ လူသုံးပင် စသည်တို့ကို လှစိုက်ပင်၊ တောရိုင်းပင် စသည်ဖြင့်ရောပြွမ်းဖော်ပြထားပါသည်။ ထိုအထဲတွင် ယူအဆလွဲဖြင့်မှားယွင်းနေသော အပင်များနှင့် တောနက်ထဲမှ မဖော်ပြဘူးသေးသော အမည်မရှိအပင်သစ်များလည်း ပါဝင်ပါသည်။